**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**
**6MeV နှင့်အထက် X-Ray စက်အတွက်**
**ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ 6MeV နှင့်အထက် X-Ray စက် အသစ်(၁)လုံး တပ်ဆင်နိုင်ရေးကိစ္စအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းခေါ်ယူအပ်နှံသွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန်စိတ်ပါဝင်စားသည့် ကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို (၂၂-၄-၂၀၂၄) ရက်နေ့မှ (၂၆-၄-၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းခြင်းအား နောက်ဆုံးလက်ခံမည့်နေ့ရက်နှင့် အချိန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာနောက်ဆုံးလက်ခံမည့်နေ့ရက် - (၁၀-၅-၂၀၂၄) နေ့ရက်

(ခ ) တင်ဒါလျှောက်လွှာနောက်ဆုံးလက်ခံမည့်အချိန် - (၁၆:၃၀) နာရီအထိ

၄။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်အား ဝန်ကြီးဌာန Website၊ အကောက်ခွန်ဦးစီးဌာန Websiteများ (www.customs.gov.mm, www.maccs.gov.mm) တို့တွင် ထပ်မံအသိပေး ကြေညာသွားပါမည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို(၂၂-၄-၂၀၂၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း အမှတ်(၂၀၅-၂၁၁)၊ ၄၉လမ်းနှင့်မဟာဗန္ဓုလလမ်း၊ ဗိုလ်တစ်ထောင် မြို့နယ်၊ ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန၊ နယ်ရုံးများကြီးကြပ်ရေးဌာနခွဲသို့ လာရောက် စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၃၉၇၄၂၈နှင့် ၀၉-၅၁၈၃၃၆၄၊ ၀၉- ၄၅၉၄၆၀၃၅၉၊ ၀၉-၄၄၃၅၈၅၆၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**